# ကညီဒီကလုာ်တၢ်ကူၣ်လိာ်တၢ်ပီၣ်သကိး
## *Karen National Seminar*

---

## ကရင်အမျိုးသားနီးနှောဖလှယ်ပွဲ၏ သဘောထား ထုတ်ပြန်ကြေညာချက်

မေလ (၉)ရက်၊ ၂၀၁၅ခုနှစ်။

- ကရင်အမျိုးသားနီးနှောဖလှယ်ပွဲကို ကရင့်တော်လှန်ရေးနယ်မြေ လေးဝါးနေရာတွင် ၂၀၁၅ခုနှစ်၊ မေလ ၆ရက်မှ ၉ရက်နေ့အထိ (၄)ရက် တိုင်တိုင်ကျင်းပခဲ့သည်။ ထိုနီးနှောဖလှယ်ပွဲသို့ ပြည်တွင်းပြည်ပရှိ ကရင်လူထုအခြေပြုအဖွဲ့အစည်းများ၊ ကရင်ဘာသာရေးခေါင်းဆောင်များ၊ ကရင်နိုင်ငံရေးပါတီများ၊ ကရင်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကော်မတီ၊ ကရင်ရေးရာကော်မတီ၊ ကရင်လူငယ်နှင့် ကရင်အမျိုးသမီးများ စသည့်ကရင်အဖွဲ့အစည်း (၄၂)ဖွဲ့နှင့် တသီးပုဂ္ဂလ ကိုယ်စားလှယ်များ၊ လေ့လာသူများ အပါအဝင် စုစုပေါင်း (၁၈၀) ဦး တက်ရောက်ခဲ့ကြသည်။

- ဤနီးနှောဖလှယ်ပွဲတွင် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်ကို သုံးသပ်ဆွေးနွေးခြင်း၊ ကရင်လူမျိုးများ၏ အနာဂတ် တည်ဆောက်ရေးဆိုင်ရာ ကရင်အမျိုးသားစီမံကိန်းနှင့် ပတ်သက်၍ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေး၊ ဓလေ့ထုံးတမ်းနှင့် ယဉ်ကျေးမှု မျိုးနွယ်စုဆိုင်ရာ၊ ဒုက္ခသည်များအရေးများကို တက်ရောက်လာသည့် ကိုယ်စားလှယ်များက အဓိကထား တင်ပြပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

- ၎င်းဆွေးနွေးမှုများအပေါ် အခြေခံ၍ ရှေ့လုပ်ငန်းစဉ်အဖြစ် ကရင်အမျိုးသားညီလာခံတစ်ရပ် ကျင်းပသွားရန်၊ ကရင်အမျိုးသားစီမံကိန်းနှင့် လုံခြုံရေးဆိုင်ရာ အခြေခံမူနှင့် လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ ကရင်အမျိုးသားများ၏ စည်းလုံးညီညွတ်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားရန်၊ ကရင်အမျိုးသားများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့တို့ကို ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ကြသည်။

- ထို့အပြင် ကရင်လူဦးရေကို နည်းပါးလျော့ကျစေသော သန်းခေါင်စာရင်းဆိုင်ရာ မျိုးနွယ်စုသတ်မှတ်ချက်များကို ကန့်ကွက်ကြောင်းနှင့် ကရင်လူဦးရေကို တိကျမှန်ကန်စွာ ကောက်ခံသတ်မှတ်သွားရန်လည်း ဆုံးဖြတ်ခဲ့ကြသည်။

- လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်ကာလအတွင်း တောင်ငူဒေသ၌ အစိုးရစစ်တပ်၏ ဗုံးကြဲစစ်ရေးလေ့ကျင့်မှုများနှင့် ဖာပွန်ခရိုင်အတွင်း အစိုးရတပ်လက်အောက်ခံ နယ်ခြားစောင့်တပ်များက အစီအစဉ်ရှိရှိဖြင့် လုပ်ဆောင်နေသော နယ်မြေသိမ်းစစ်ဆင်ရေး လှုပ်ရှားမှုများမှာ ငြိမ်းချမ်းရေးကို ထိခိုက်စေသည့်အတွက် ထိုလုပ်ရပ်များကို ချက်ချင်း ရပ်တန့်ပေးရန် နီးနှောဖလှယ်ပွဲက တောင်းဆိုလိုက်သည်။

- ကရင်ဒေသများအတွင်း ဖြစ်ပျက်ခံစားနေရသည့် ဒေသခံများ၏ မြေယာသိမ်းဆည်းခံရမှုများကို ကေအဲန်ယူက ချမှတ်ထားခဲ့သော 'ကော်သူးလေမြေယာမူဝါဒ'အတိုင်း တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုရှိရှိ အကောင်အထည်ဖော် ဖြေရှင်းပေးရန်၊ မူးယစ်ဆေးဝါးနှင့် လောင်းကစားတိုက်ဖျက်ရေးကို ထိရောက်စွာ လုပ်ဆောင်ရန်နှင့် ကရင်ပြည်နယ်အတွင်းရှိ ရေကာတာစီမံကိန်းများကို ချက်ချင်း ရပ်ဆိုင်း ပေးရန် နီးနှောဖလှယ်ပွဲက တောင်းဆိုလိုက်သည်။

- မြန်မာအစိုးရနှင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးတို့ ဖော်ဆောင်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ ကေအဲန်ယူ၏ အစိုးရထံ ချဉ်းကပ်ပုံ နည်းဗျူဟာအပေါ် လွန်စွာ စိုးရိမ်မိ၍ ပြန်လည်သုံးသပ်ပေးရန် နီးနှောဖလှယ်ပွဲ တက်ရောက်လာသည့် အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များက ကေအဲန်ယူထံ မေတ္တာရပ်ခံ ပန်ကြားလိုက်သည်။

- အလားတူ ကရင်အမျိုးသားများ၏ နိုင်ငံရေးရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိစေရေးအတွက် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အခြေခံ၍ အာမခံချက် အပြည့်အဝရှိသော ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကို တည်ဆောက်သွားရန် စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း နီးနှောဖလှယ်ပွဲက သန္နိဋ္ဌာန်ချမှတ်လိုက်သည်။

ကရင်အမျိုးသားနီးနှောဖလှယ်ပွဲ ကျင်းပရေးကော်မီတီ


ဆက်သွယ်ရန် - စောလှထွန်း (၀၉၅ ၆၉၅၂၁၉၃ - Thai) (၀၉ ၄၂၅၀ ၄၈၇၀၉ - Myammar)
နော်စူစန်နာလှလှစိုး (၀၉ ၂၈၆ ၈၂၅၇၆ - Thai) (၀၉ ၂၅၀ ၇၉၅၂၅၈ - Myammar)
စောလွင်ဦး (၆၁-၄၁၂ ၃၄၄ ၀၀၉ - Australia) (၀၈၀ ၈၄၆၁၈၅၇ - Thai)